| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံဖြင့်လွှဲပို့ခြင်း | | | | | |

ရင်းမြစ်…(၁) အိမ်ထောင်စု စာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုအရေအတွက်မှာ (၅)စုဖြစ်ပါသည်။ စီးပွားရေးအခြေအနေကတော့ အလယ်အလတ်ဖြစ်၍ ပြန်ပို့ငွေလမ်းကြောင်းကတော့ ဘဏ်လုပ်ငန်းနှင့်ဖြစ်သည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ပုသိမ်မြို့မဈေး | ပုသိမ်မြို့ |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ရေလမ်း၊ ကုန်းလမ်း | ပုသိမ်မြို့ ရေလမ်း |
| ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်မှုပေးနိုင်မှု | စပါး၊ ခနိ | ပုသိမ်မြို့ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာရဲ့ဈေးကွက်လက်လှမ်းမီမှုအခြေအနေကတော့ ပုသိမ်မြို့မဈေးကြီးနှင့် ကုန်စည်ဒိုင်များကိုသာအဓိကအားကိုးနေရ ပါသည်။ ဈေး၏အခြေခံအဆောက်အဦအနေနဲ့ကတော့ မြို့မဈေးကြီးက(၁)ထပ်ဈေးဖြစ်၍ ရွှေပြည်သာဈေးကြီးကတော့ (၂)ထပ်ဈေးဖြစ် ပါသည်။ သွားရောက်ဝယ်ယူနိုင်သောကုန် ပစ္စည်းအမျိုးအစားများကတော့ လူသုံးကုန်ပစ္စည်းအားလုံးရနိုင် ပါသည်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကတော့ ရေလမ်းခရီးကအဓိကလမ်းကြောင်းဖြစ်သည်။ ရွာမှအကွာအဝေးမိုင်ကတော့ (၇)မိုင်နှင့် (၄)ဖာလုံဖြစ် ပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ဈေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ဈေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်) | မိုးနှင့်ဆောင်းစပါး | ၁ နှစ် | ၁ ကျပ်တိုး | | ပုံစံ(၇)မရှိလျှင် အခက်အခဲရှိပါသည်။ |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | သမပက်မြန်မာစထာပနာ | ၁ နှစ် | ၂ကျပ်ခွဲတိုး | | မရှိပါ |
| အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | လတိုးပေးသူ | | ၁၀ တိုး | အာမခံပစ္စည်း | |
| အပေါင်ဆိုင် | | | | | |
| မိတ်ဆွေနှင့်ဆွေမျိုးများ | | | | | |
| အခြား | | | | | |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသော အဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဦးတိုကြီးကျေးရွာရဲ့ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းအခြေအနေများမှာ မိုး စပါးနှင့် ဆောင်း စပါးစိုက်ပျိုးသောတောင်သူများအတွက် အစိုးရစိုက်ပျိုးရေးဘဏ်မှထုတ်ချေးပေး ပါသည်။ ပြန်ဆပ်ရမည့်ကာလကတော့ (၆)လမှ (၁)နှစ်အထိ အတိုးနှုန်းကတော့ (၁)ကျပ်တိုးဖြစ်ပါသည်။ ချေးငွေရရှိရန်အခက်အခဲကတော့ ပုံစံ(၇)မရှိလျှင်

ခက်ခဲမှုရှိ ပါသည်။ ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုအနေနဲ့ကတော့ စထာပနာ၊ PEP မြန်မာနှင့် သမချေးငွေအမျိုးအစားတွင် အသင့်အတင့်ချေးထားသူများရှိ ပါသည်။ ပြန်ပေးဆပ်ရမည့်ကာလကတော့ (၆)လ၊ (၁၀)လ၊ (၁)နှစ်တို့ဖြစ် ပါသည်။ အတိုးနှုန်းကတော့ (၂)ကျပ်ခွဲတိုးဖြစ်၍ အပေါင်ခံပစ္စည်းလိုအပ်မှုမရှိပါ။

**(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာကြွယ်ဝမှု | လတ် | ဓါတုဆေးဝါးသုံးစွဲမှုကြောင့် |
| အပင်မျိုးစိတ်များ | နိမ့် | ဂျာမနီနှင့်အခြားဆေးဖက်ဝင်အပင်များ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | လတ် | စိုက်ပျိုးရေးဝန်ထမ်းများ၏လမ်းညွှန်မှု |
| ရေရင်းမြစ် | လတ် | |
| ငါးမျိုးကွဲများ | လတ် | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | လတ် | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | ပလတ်စတစ်ဘူးခွံများကိုစနစ်တကျစွန့်ပစ်သည် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် ကျေးရွာရှိပညာတတ်ဘွဲ့ရလူငယ်များအား နည်းစနစ်ပိုင်းဆိုင်ရာသင်တန်းများပို့ချပေးရန် လိုအပ်ပါသည်။

**(၂.၇) ပညာရေး**

**(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု**

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာတက်ရောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | | | | |
| ဘုန်းကြီးကျောင်းသင်ပညာရေး | | | | |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၇၀ | ၉၅ | ၁၆၅ | |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၄၂ | ၂၃၆ | ၄၇၈ | |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၁ | ၁၉ | ၄၀ | |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၂ | ၇ | ၁၉ | |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၈ | ၁၀ | ၁၈ | |
| **၉ နှစ် အထက် လူဦးရေပေါင်း** | ၃၅၀ | ၃၆၉ | ၆၈၉ | |

ရင်းမြစ်…အိမ်ထောင်စု စာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းပညာရေးမပြီးဆုံးသူဦးရေ ကျား ၇၀၊ မ ၉၅ စုစုပေါင်း ၁၆၅ ယောက် နှင့် မူလတန်းပညာရေးပြီးဆုံးသူ ကျား ၂၄၂ မ ၂၃၆ စုစုပေါင်း ၄၇၈ ယောက်ရှိသည်။ ရွာတွင် အလယ်တန်းပညာရေးပြီးဆုံးသူ ကျား ၂၁ မ ၁၉ စုစုပေါင်း ၄၀ ယောက်နှင့် အထက်တန်းပညာရေးပြီးဆုံးသူဦးရေ ကျား ၇ ၊ မ ၁၂ စုစုပေါင်း ၁၉ ယောက်ဖြစ်ပြီး တက္ကသိုလ်ပညာရေးပြီးဆုံးသူဦးရေ ကျား ၈၊ မ ၁၀ စုစုပေါင်း ၁၈ ယောက်ရှိသည်။ သို့အတွက်ကြောင့် ကျေးရွာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်တတ်မြောက်မှုမှာ ကျား(၃၄၀) ယောက်၊ မ(၃၄၉)ယောက် စုစုပေါင်း (၆၈၉)ယာက်ရှိပါသည်။

## (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၃၉ | ၂၄ | ၆၃ | ၇.၉၉% |
| အလယ်တန်း(၁၀-၁၄နှစ်) | ၃၈ | ၃၈ | ၇၆ | ၁၀.၁၂% |
| အထက်တန်း(၁၅-၁၆ နှစ်ကြား) | | | | |
| တက္ကသိုလ်ကျောင်းသား၊ သူ | | | | |

ရင်းမြစ်… (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းကျောင်းတက်ရောက်သူဦးရေမှာ ကျား (၃၉) ယောက်၊ မ(၂၄)ယောက် စုစုပေါင်း (၆၀)ယောက်နှင့် အလယ်တန်းတွင် ကျား(၃၈)ယောက်၊ မ(၃၈) ယောက်၊ စုစုပေါင်း (၇၆)ယောက်ရှိပါသည်။ အထက်တန်းနှင့် တက္ကသိုလ်များတွင်တက်ရောက်ရန် အတွက် ငွေကြေးအခက်အခဲများရှိသဖြင့် အလယ်တန်းပညာပြီးဆုံးသည်နှင့် အထက်တန်းနှင့် တက္ကသိုလ်ပညာဆက်လက်သင်ကြားသူ နည်းပါးပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | အ.လ.က (ခွဲ) ဦးတို | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | | | | ၃ ဖာလုံ | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | ခြေလျင်/ရေလမ်း | | |
| စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်) | | | | ၄၀' x ၂၄'<br>၆၀' x ၃၀'<br>၄၀' x ၃၀' | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | | | | ပျဉ် အင်္ဂတေ သွပ် | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | | | | ကျောင်းသုံးပရိဘောဂလုံလောက်မှု မရှိပါ ။ ကျောင်းအိမ်သာအခြေအနေ ကောင်းပါသည်။ | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု(အာဟာရအမျိုးအစားနှင့်ကြိမ်ရေ) | ရှိ(ကြက်သားဆန်ပြုတ်(၅)ကြိမ်) | | | | | |
| ကျောင်းဆရာဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | | | | ၂ | ၇ | ၉ |

| အကြောင်းအရာ | မူလတန်းကျောင်း | | | အ.လ.က (ခွဲ) ဦးတို | | |
|---|---|---|---|---|---|---|
| ကျေးရွာခန့် | | | | | ၂ | ၂ |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမှာ အလျား(၄၀')၊ အနံ(၂၄')၊ အလျား(၆၀') အနံ(၃၀')၊ အလျား(၄၀') အနံ(၃၀') ရှိသော စာသင်ဆောင်(၃)ဆောင်ရှိပါသည်။ ၎င်းစာသင်ဆောင်များမှာ ကျေးရွာရှိကျောင်းအကျိုးတော်ဆောင်များမှဦးဆောင်၍ ကိုယ်ထူကိုယ်ထသဖြင့် ကျေးရွာလူထုမှ ဆောက်လုပ်ထားပါသည်။ ကျောင်းအိမ်သာများမှာ ကောင်းမွန်သော်လည်း ကျောင်းပရိဘောဂလုံလောက်မှုမရှိပါ။ ကျောင်းအာဟာရတိုက်ကျွေးရာတွင်လည်း ကျေးရွာရှိအလှူရှင်များက အခါအားလျော်စွာလှူဒါန်းတိုက်ကျွေးပါသည်။ မူလတန်းလွန်ကျောင်းတွင် အစိုးရခန့်ဆရာ/မကျား(၂)ဦး၊ မ(၇)ဦး စုစုပေါင်း(၉)ဦးသာရှိသဖြင့် ကျေးရွာမှ မ(၂)ဦးငှားရမ်းခန့်ထားပါသည်။

### (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | |
| တပည့် - ဆရာ အချိုး | |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | တန်းတူအခွင့်အရေးအစီအစဉ်ပဲရှိပါသည်။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | မရှိ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | မိသားစုဝင်များလို့ကျောင်းစရိတ်မတတ်နိုင်ပါ ။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | အားကစားပစ္စည်းများရှိပါသည်။ ကျောင်းအားကစားကွင်း မရှိသောကြောင့်အခက်အခဲရှိပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။**

။.......................................................................................................

.........................................................................................................

.........................................................................................................

.......................................................................................

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

### (၂.၈.၁)အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | | မရှိ | ယင်လုံအိမ်သာသုံးစွဲသောကြောင့် |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၂ | သွေးလွန်တုပ်ကွေး | | နိမ့် | | ဖုံးသွန်လဲစနစ်ကိုအပတ်တိုင်းလုပ်သည် |
| ၃ | ငှက်ဖျား | | | မရှိ | ဖုံးသွန်လဲစနစ်ကိုအပတ်တိုင်းလုပ်သည် |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | မရှိ | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | မရှိ | |
| ၆ | တီဘီ | | | မရှိ | |
| ၇ | ဆီးချို | | နိမ့် | | |
| ၈ | သွေးတိုး | | | မရှိ | |
| ၉ | အသည်းရောဂါ (အေ၊ ဘီ၊ စီ စသည်) | | | မရှိ | |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | | | မရှိ | |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင်နွေရာသီရောက်လာတိုင်း ယင်နာစားနှင့် သောက်ရေကို ကျိုချက်မသောက်ခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ တစ်ခါတစ်ရံဖြစ်တတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများကတော့ ရာသီအလိုက်ဖြစ်တတ်သော ရောဂါများဖြစ်သောကြောင့် တစ်ခါတစ်ရံဖြစ်တတ် ပါသည်။ အသက်ရှူလမ်းကြောင်းကူးစက်တတ်သောရောဂါ၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ အသည်းရောဂါ ဘီ၊ စီ၊ အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်တတ်သောရောဂါဖြစ်ပွားမှုနှုန်းမှာ အသင့်အတင့်သာရှိပါသည်။ HIV, AIDS လိင်မှတစ်ဆင့်ကူးစက်နိုင်သောရောဂါများမရှိပါ။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လ အတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လ အတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ | | ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းရှိပါသည်။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ | | ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းရှိပါသည်။ |
| ၃ | ပိုလီယိုရောဂါ | ရှိ | | ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းရှိပါသည်။ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလ အတွင်း) | ရှိ | | ကျန်းမာရေးဌာနမှညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပါသည်။ |
| ၅ | ဝက်သက်ရောဂါ | ရှိ | | ကျန်းမာရေးဌာနမှညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပါသည်။ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ရှိ | | ကျန်းမာရေးဌာနမှညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပါသည်။ |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ရှိ | | ကျန်းမာရေးဌာနမှညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပါသည်။ |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လွန်ခဲ့သော(၁၂)လခန့်က ကာကွယ်ဆေးထိုးနှံမှုများမှာ အဆုတ်ရောဂါ၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ၊ မေးခိုင်ကိုယ်ဝန်ဆောင်ကာလအတွင်း အာဟာရမှတ်တမ်းယူမှုနှင့် အခြားကာကွယ်ဆေးထိုးနှံမှုများကို မြို့နယ်ကျန်းမာရေးဌာနမှ ညွှန်ကြားချက်အတိုင်း ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းများကိုပြုလုပ်ပေးလျှက်ရှိပါသည်။

**(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ(လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ဦးတို ကျေးရွာ အတွင်း | မရှိ | ကျန်းမာရေးမှူး- သားဖွားဆရာမ - ရှိ အရံသားဖွားဆရာမ- ၁ ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်- ၁ ဦး | ဆေးနှင့် ပတ်သက်သော ပစ္စည်းလုံလောက်မှု မရှိသေးပါ ။ | ကျေးလက် ဆေးပေး ခန်း အဆောက် အဦရရှိရေး |
| တိုက်နယ် ဆေးရုံ | ပုသိမ်မြို့ ၇ မိုင် ၄ဖာလုံ | | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | ၄ | |
| မြို့နယ် ဆေးရုံ | ပုသိမ်မြို့ ၇ မိုင် ၄ဖာလုံ | | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | ကျေးလက် | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမှီမှု-- | |

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေးဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ(လုံလောက်မှု/မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | ဆေးပေးခန်း | | | ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိသောကြောင့် ဆေးနှင့်ပတ်သက်သောအသုံးအဆောင် ပစ္စည်းများအသင့်အတင့်ရှိပါသည်။ သားဖွားဆရာမ(၁)ယောက်၊ အရံသားဖွားဆရာမ(၁)ယောက်၊ အရပ်လက်သည်(၁)ယောက်ရှိပါသည်။ မြို့နယ်ဆေးရုံ အနေနဲ့ကတော့ ပုသိမ်မြို့အထွေထွေရောဂါကုဆေးရုံကြီးကိုသာ အားကိုးနေရပါသည်။ အရေးကြီးသောလူနာများကို ပုသိမ်ဆေးရုံကြီးသို့ပို့ကြရာတွင် ရေလမ်းခရီးကိုသာအားကိုးနေရသဖြင့် အခက်အခဲအများကြီးရှိပါသည်။ ကျွန်တော်တို့ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခုတည်းသာရှိသည့်အတွက် လုံလောက်သော ဆေးဝါးပစ္စည်းများနှင့် ကျန်းမာရေးဌာနအဆောက်အဦတစ်ခု လိုအပ်လျက်ရှိပါသည်။

မှတ်ချက်။ ။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှာ အမိုးက ဓနိ၊ အခင်းက ပျဉ်၊ အကာက ဝါးထရံဖြစ်သောကြောင့် ကြာရှည်ခိုင်ခံ့မှုမရှိပါ။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁၀ | အကောင်း | | ✓ | ✓ | သောက်ရေကန် |
| အဝီစိတွင်း (စက်တပ်) | ၂ | အကောင်း | ✓ | ✓ | ✓ | |
| အဝီစိတွင်း/တုံကင် | ၁၂ | အကောင်း | ✓ | ✓ | ✓ | |
| မိုးရေသိုလှောင်ကန် | | | | | | |
| မြစ်/ချောင်း | ၂ | အကောင်း | | ✓ | ✓ | |
| ရေကန် | ၄ | အကောင်း | ✓ | ✓ | ✓ | သောက်ရေကန် |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |
| အခြား | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာရင်းမြစ်ပြ မြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာတွင် သောက်ရေကန်(၄)ကန်သီးခြားရှိသဖြင့် သောက်ရေအတွက်လုံလောက်မှုရှိပါသည်။ သုံးရေအတွက်ကတော့ တုံကင်၊ ရေတွင်း၊ ချောင်းရေနှင့် ကိုယ်ပိုင်သုံးရေကန်များရှိပါသည်။ စိုက်ပျိုးရေးအတွက် နွေရာသီတွင် ရေငန်များရောက်ရှိတတ်သဖြင့် နွေစပါးစိုက်ခင်းများတွင် အလေအလွင့်ဆုံးရှုံးမှုများရှိတတ်သဖြင့် အသင့်အတင့်သာကောင်းပါသည်။

## (၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာအမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၁၈၀ | ကျန်းမာရေးနှင့်ညီညွတ်စေရန် |
| ကျင်းအိမ်သာ | | |
| မြေပေါ် အိမ်သာ | | |
| တောထိုင် | | |
| **စုစုပေါင်း** | **၁၈၀** | |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန / ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စုမှာ (၁၈၀)ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် တစ်ရွာလုံးယင်လုံအိမ်သာတစ်မျိုးထဲကိုသာသုံးစွဲကြပါသည်။

## (၂.၁၀) ကျား၊ မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား၊ မ ကိစ္စရပ်ဆိုင်ရာ

| စဉ် | ကျားမ ရေးရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးတက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | ရှိ | | ကျေးရွာအုပ်ချုပ်ရေးမှူး၏စီမံခန့်ခွဲရေးလက်အောက်တွင် |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | | မရှိ | မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့်အမျိုးသမီးရေးရာအဖွဲ့အစည်းရှိပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းမပျို/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | မရှိ | - |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ | | မြန်မာအမျိုးသမီးများအသိအမြင်ကြွယ်ဝစေရန်ပညာပေးဟောပြောမှုများကျင်းပဆောင်ရွက်ပါသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများ စာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် နေထိုင်ကြသော အမျိုးသမီးအများစုမှာ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားဘာသာရေးနှင့် သာရေး၊ နာရေးလုပ်ငန်းများတွင်လည်း အမျိုးသားများနှင့်တန်းတူကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြပါသည်။ မြန်မာအမျိုးသမီးများ အသိပညာကြွယ်ဝလာစေရန်အတွက် ပညာပေးဟောပြောပွဲများကိုလည်း ကျင်းပဆောင်ရွက်ကြပါသည်။ အမျိုးသမီးများ သံသယဖြစ်ဖွယ်အကြမ်းဖက်မှု/ တိုင်ကြားမှုများတော့မရှိပါ။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၃ | ကောင်း | ၂၀၁၂ | | ✓ | ၄၉၅၀' |
| ရွာချင်းဆက်လမ်း | ၁ | ဆိုး | ၁၉၇၈ | ✓ | | ၁.၄ မိုင် |
| ချဉ်းကပ်လမ်း | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းလမ်းသည် (၄၉၅၀') ရှိပြီး (၂၀၁၂)ခုနှစ်တွင်ခင်းကျင်းခဲ့ပါသည်။ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျေးရွာလူထု၏ငွေအား၊ လုပ်အားများဖြင့် တည်ဆောက်ထားပါသည်။ ရွာချင်းဆက်လမ်းမှာ (၁.၄)မိုင်ကွာဝေးပြီး (၁၉၇၈)ခုနှစ်တွင် ခင်းကျင်းခဲ့ပါသည်။ ၎င်းရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်သဖြင့် ရေကြီးခြင်း၊ မိုးရွာခြင်းတို့ကြောင့် သွားလာရေးအခက်အခဲများရှိပါသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | ၃၀' x ၅' | ကောင်း | ၂၀၁၃ | | ✓ |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| အခြား | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိတံတားမှာ အလျား(၃၀') အနံ(၅') ရှိပြီး ကွန်ကရစ်တံတားဖြစ်ကာ (၂၀၁၃)ခုနှစ်မှာတည်ဆောက်ထားသဖြင့်ကောင်းမွန်ပါသည်။

### (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | ၇ မိုင် ၄ ဖာလုံ | စက်တပ်ရေယာဉ် | | ✓ |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာဟာ ဖရဲမြစ်နှင့်ဦးတိုမြစ်တို့ဝန်းရံထားသောကျွန်းရွာလေးတစ်ရွာဖြစ်ပါသည်။ ပုသိမ်မြို့သို့ရေလမ်းခရီးမှသွားလျှင် ဖရဲမြစ်နှင့်ငဝန်မြစ်တို့ကိုဖြတ်၍သွားရပါသည်။ အကွာအဝေးမိုင်ကတော့ (၇)မိုင်နှင့် (၄)ဖာလုံခန့်ရှိပါသည်။ ရာသီအလိုက်သုံးစွဲမှုကတော့ တစ်နှစ်ပတ်လုံးသုံးစွဲလို့ရပါသည်။ ငဝန်မြစ်ရေ မြင့်တက်လာသောအချိန်များတွင် ပုသိမ်မြို့သို့သွားမည်ဆိုပါက အချိန်(၁)နာရီခွဲခန့်ကြာမည်ဖြစ်ပါသည်။ ပွင့်လင်းရာသီဆိုလျှင်တော့ အချိန်(၁)နာရီခန့်သာကြာမည်ဖြစ်ပါသည်။

### (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၁၃ | ၅၈ | ၄၁ | ၁၉ | - | - | - | - |

ရင်းမြစ်...အိမ်ထောင်စု စာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ဦးတိုကြီးကျေးရွာတွင် စက်လှေ(၁၃)စီး၊ လှေသမ္ဗာန်(၅၁)စီး၊ စက်ဘီး(၄)စီးနှင့် ဆိုင်ကယ်(၁၉)စီးတို့ရှိကြပါသည်။ သယ်ယူပို့ဆောင်ရေးယာဉ်များအနေနဲ့ ပုသိမ်မြို့သို့ပြေးဆွဲနေသောစက်လှေ(၃)စီးရှိပါသည်။ လူတစ်ဦးလျှင် (၅၀၀)ကျပ်ပေးရပါသည်။ ဖရဲမြစ်ကိုဖြတ်၍ကူးသော လှေသမ္ဗာန်ခမှာ လူတစ်ဦးလျှင် (၅၀)ကျပ်၊ စက်ဘီးဆိုလျှင်(၁၀၀)ကျပ်၊ ဆိုင်ကယ်ဆိုလျှင်(၅၀၀)ကျပ်ပေးရပါသည်။ ပုသိမ်မြို့သို့ဆိုင်ကယ်ဖြင့်သွားလျှင် လူတစ်ဦးကို (၁၅၀၀)ကျပ်ပေးရပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | | အခက်အခဲရှိပါသည်။ |
| ဆိုလာစနစ် | ၈၀ | သင့် | လျှပ်စစ်အန္တရာယ်ရှိပါသည်။ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၃၀ | သင့် | |

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်အလှမ်းကွာဝေးနေသေးသဖြင့် ဆိုလာစနစ်နှင့်ဒီဇယ်သုံးအင်ဂျင်များကိုသာအားကိုးနေရပါသည်။ ဆိုလာစနစ်ကိုအားကိုးနေရသောကြောင့် မိုးဦးရာသီနှင့်မိုးနှောင်းရာသီများတွင် မိုးကြိုးလျှပ်စီး အန္တရာယ်ကိုအမြဲစိုးရိမ်နေရပါသည်။ ကျွန်တော်တို့ကျေးရွာတွင်မဟာဓာတ်အားလိုင်းသာရရှိမည်ဆိုလျှင် ဦးတိုကြီးရွာနှင့် အခြားရွာချင်းဆက်ကျေးရွာများတွင်လည်း ပညာရေး၊လူမှုရေး၊စီးပွားရေးနှင့် အခြားသွင်းကုန်ထုတ်ကုန် ပစ္စည်းများကိုလည်း အချိန်နှင့်တစ်ပြေးညီတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။ သို့ပါသောကြောင့် ဒေသဖွံ့ဖြိုးရေးအတွက်မဟာဓာတ်အားလိုင်းရရှိရေးကို လျှပ်စစ်မီးရရှိရေးကဏ္ဍမှ ဦးတိုကြီးကျေးရွာနှင့် အခြားရွာချင်းဆက်ကျေးရွာများအတွက်တင်ပြတောင်းဆိုအပ်ပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၂၄၁ | ၁၀၇ | ၇၀ | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာတွင် ဖုန်း(၂၄၁)လုံး၊ ရေဒီယို(၁၀၇)လုံး၊ တီဗွီ(၇၀)လုံးတို့ရှိပါသည်။ မြန်မာနိုင်ငံရှိ (၇၃%)ဟာ ကျေးလက်နေပြည်သူများဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများကိုသာ ကျေးလက်နေပြည်သူများအတွက် လာရောက်သင်တန်းပို့ချပေးမည်ဆိုလျှင် တိကျမှန်ကန်သောသတင်း၊ ပိုမိုကောင်းမွန်သောအသိပညာနှင့်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်မည်ဖြစ်ပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | ငွေဆောင်/ချောင်းသာ/ဝန်ဆောင်မှု ကား၊ဆိုင်ကယ်ဖြင့် |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ပရဟိတလုပ်ငန်းများလုပ်ဆောင်ကြပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိပါသည်။/ ကျေးရွာအတွင်း |
| အားကစားပစ္စည်းများအားလက်လှမ်းမီမှု | မရှိ ပါ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ ပါသည်။/ ကျေးရွာအတွင်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ ပါသည်။ |
| စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု | "တိုးတက်အောင်" စာကြည့်တိုက်ရှိ ပါသည်။ အင်တာနက်တပ်ဆင်ထားခြင်းမရှိ ပါ ။ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာဟာ ပုသိမ်မြို့နှင့် (၇)မိုင်နှင့်(၄)ဖာလုံကွာဝေးသောဖရဲမြစ်၏ မြစ်ကမ်းနံဘေးတွင်တည်ရှိပါသည်။ လူငယ်များအနေဖြင့် အားလပ်ချိန်များမှာ အပန်းဖြေနိုင်သည့်နေရာဆိုလို့ ချောင်းသာနှင့်ငွေဆောင်ကမ်းခြေများနှင့်သာ အနီးဆုံးရှိပါသည်။ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘာသာရေး၊လူမှုရေး၊ရိုးရာယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများတွင်လည်း လူငယ်များအနေနှင့် အမြဲတမ်းပါဝင်လှုပ်ရှားမှုများရှိပါသည်။ ကျေးရွာအတွင်းကိုယ်ပိုင်အားကစားကွင်းတော့မရှိပါ။ လူငယ်များ ယဉ်ကျေးမှုနှင့်အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်ကတော့ "တိုးတက်အောင်" စာကြည့်တိုက်ရှိပါသည်။ ကွန်ပျူတာ၊ အင်တာနက်၊ ဂြိုလ်တုစလောင်းတပ်ဆင်မှုများနဲ့တော့ လက်လှမ်းမီမှုအခြေအနေမရှိပါ။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု | အသင့်အတင့် |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | အသင့်အတင့် |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | အသင့်အတင့် |
| ရဲစခန်းများအား လက်လှမ်းမီမှု | မြင်းကကွင်းရဲစခန်းအပိုင်နှင့်သင်္ဘောကျင်း |
| အခြား | အသည်ကြီးရဲစခန်းနှင့်လက်လှမ်းမီမှုရှိသည် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာမှာ လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုများအနေနဲ့ ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦ၊ အာမခံလုပ်ငန်းဝန်ဆောင်မှုများမရှိပါ ။ သဘာဝဘေးအန္တရာယ်လျှော့ချရေးအနေနဲ့ကတော့ အရေးကြီးလျှင်အရေးကြီးသလို လူငယ်များအနေနဲ့ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာဦးကျောင်းဆရာတော်၊ ရပ်မိရပ်ဖလူကြီးများ၏လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ကူညီပေးကြပါသည်။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံမှုအခြေအနေကတော့ ပြည်သူ့စစ်၊ အရံမီးသတ်တပ်ဖွဲ့ဝင်များနဲ့ လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုများကိုကူညီပြုလုပ်ပေးမှုတွေရှိပါသည်။ ဒေသဆိုင်ရာရဲစခန်းအပိုင်ကတော့ မြင်းကကွင်းရဲစခန်းအပိုင်ဖြစ်ပါသည်။ သင်္ဘောကျင်း၊ အသည်ကြီးရဲစခန်းနှင့်လည်း လက်လှမ်းမီမှုအခြေအနေရှိပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ်/သာမန် | ၂ | ၂ | ၂ | ၂ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ဦးတိုကြီးကျေးရွာတွင် လူကုန်ကူးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ မြန်မာအမျိုးသမီးများကို အကြမ်းဖက်ပြုလုပ်သူများမရှိပါ ။ မှုခင်းဖြစ်ပွားမှု အခြေအနေကတော့ သာမန်အဆင့်သာရှိပါသည်။ အကျင့်စာရိတ္တနှင့်ပတ်သက်သောခိုးမှုများဖြစ်ပေါ်လာခဲ့လျှင် ထိရောက်သောအရေးယူဆောင်ရွက်မှုများနှင့် အပြစ်ဒဏ်ပေးလေ့ရှိပါသည်။

ဦးသဲကြီး................ကျေးရွာ၊ ...ဦး.ကို.ကျေး.ရွာ.အုပ်စု. ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဇော်မိုး | ဦးမောင်အောင် | ၁၄/ပသန(နိုင်)၈၈၈၂၈၉ | ၄၃နှစ် | နာယက | ၀၉.794553033. |
| ၂ | ဦးကျော်မင်းထိုက် | ဦးအောင်ကျော်ဘုန်း | ၁၄/ပသန(နိုင်)၁၂၂၂၀၇ | ၃၆ | ဥက္ကဋ္ဌ | ၀၉.785579801 |
| ၃ | ဦးဇော်မင်းဦး | ဦးစက်ဘုံ | ၁၄/ပသန(နိုင်)၁၅၆၂၂၉ | ၃၉ | ဒု-အဖွဲ့ဝင် | ၀၉ 784348435 |
| ၄ | " ဝင်းဘုန်း | ဦးအောင်သိန်းစိန် | ၁၄/ပသန(နိုင်)၁၉၂၀၁၃ | ၃၃ | စာရင်းစစ် | ၀၉ 785577348 |
| ၅ | " အောင်ကိုဦး | " သိန်းရွှေ | ၁၄/ပသန(နိုင်)၂၀၇၆၅၆ | ၃၃ | ဒု-ဥက္ကဋ္ဌ | ၀၉.250754970 |
| ၆ | " မြတ်မင်းသူ | " သိန်းလှိုင် | ၁၄/ပသန(နိုင်)၂၃၄၄၆၇ | ၂၁ | အဖွဲ့ဝင် | ၀၉ 263121201 |
| ၇ | " ဇော်ဝေ | " ရွှေကျိုး | ၁၄/ပသန(နိုင်)၁၅၆၂၃၉ | ၃၉ | ဘဏ္ဍာထိန်း | |
| ၈ | " နေဘိုး | " ဖိုးချောင် | ၁၄/ပသန(နိုင်)၁၅၆၅၄၁ | ၃၉ | အဖွဲ့ဝင် | ၀၉ 787170597 |
| ၉ | " ဖုန်းဦးမင်း | " ကျော်နွယ် | ၁၄/ပသန(နိုင်)၂၃၄၁၄၈ | ၂၃ | စာရင်းကိုင် | ၀၉ 254240290 |
| ၁၀ | ဒေါ်မြင့်ခိုင် | " ကျော်သိန်း | ၁၄/ပသန(နိုင်)၁၇၇၂၂၃ | ၃၄ | အတွင်းရေးမှူး | ၀၉.782343422 |
| ၁၁ | " ဝင်းဝင်းရွှေ | " ရွှေဝင်း | ၁၄/ပသန(နိုင်)၂၃၄၆၆၀ | ၂၈ | အဖွဲ့ဝင် | |
| ၁၂ | " ကေသွယ်ဝင်း | " သိန်းရွှေ | ၁၄/ပသန(နိုင်)၂၀၀၀၂၈ | ၂၈ | အဖွဲ့ဝင် | |
| ၁၃ | " ကြိုင်းလဲ့ကို | " ဇော်မိုး | ၁၄/ပသန(နိုင်)၂၄၅၇၀ | ၂၁ | အဖွဲ့ဝင် | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |